**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**(၁၈)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

(သောကြာနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈) ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၇၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၇၃) ရာခိုင်နှုန်း

ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင် ပြပါမယ်။

ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ဇနီးကျန်းမာရေး။ ဦးညွှန့်တင်၊ ရန်ကုန်(၂)၊ အစည်းအဝေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ သင်တန်း။ ဦးဖေသောင်း၊ ကချင်(၆)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွှန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွှန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ မိသားစုကိစ္စ။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ အစည်းအဝေး။ ဦးကံညွှန့်၊ စစ်ကိုင်း(၅)၊ အစည်းအဝေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ အစည်းအဝေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သော နည်းဥပဒေများ၊ ညွှန်ကြားချက်များ ပြဋ္ဌာန်းထားခြင်း ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သော နည်းဥပဒေများ၊ ညွှန်ကြားချက်များ ပြဋ္ဌာန်းထားခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှု လုပ်ငန်းများအတွက် လိုအပ်သော နည်းဥပဒေများ၊ ညွှန်ကြားချက်များ ပြဋ္ဌာန်းထားခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်းအရင်းကတော့ ကျွန်တော်တို့အများပြည်သူ နောက် အခု ကျွန်တော်တို့ နိုင်ငံတကာကလည်းပဲ လာပြီးတော့ ခရီးသွားတွေရှိပါတယ်။ ကျွန်တော်တို့ဆီမှာ ဝင်ရောက်သွားလာ နေတဲ့၊ လုပ်ငန်းအတွက် ဝင်ရောက်သွားလာနေတဲ့ နိုင်ငံခြားသားတွေလည်းပဲ အများအပြား ရောက်ရှိပြီးတော့ လာကြပါတယ်။ နိုင်ငံတော်ကလည်းပဲ နိုင်ငံရေး၊ စီးပွားရေးတွေ ပြောင်းလဲပြီးတော့ တဖြည်းဖြည်းနဲ့ နိုင်ငံတော်တိုးတက်အောင် ဆောင်ရွက်နေတဲ့အချိန်ဖြစ်တဲ့အတွက်ကြောင့် ဒီလိုဝင်ရောက်လာတဲ့ နိုင်ငံခြားသား အရေအတွက် ခရီးသည်များကလည်းပဲ ဒါ တစ်နှစ်နဲ့ တစ်နှစ်မတူဘဲနဲ့ တဖြည်းဖြည်း တဖြည်းဖြည်း တိုးတက်များပြားလာပါတယ်။ ဒီအခါမှာ ဒီခရီးသည်တွေ တည်းခိုတဲ့ဟိုတယ်များ နောက်သွားလာ ပြီးတော့ ကြည့်ရှုလေ့လာတဲ့၊ ဝယ်တဲ့၊ ခြမ်းတဲ့ ကုန်တိုက်ကြီးတွေ စသည်အားဖြင့် အဲဒီမှာ ကျွန်တော်တို့လုံခြုံရေး သက်ဆိုင်ရာ ကုမ္ပဏီတွေကနေပြီးတော့ ဟိုတယ်မှာဆိုလို့ရှိရင်လည်းပဲ ဟိုတယ်ရဲ့ လုံခြုံရေးများ ခုနတုန်းက ဈေးတွေမှာဆိုလို့ရှိရင်လည်းပဲ ဈေးတွေရဲ့လုံခြုံရေးများ၊ ကုန်တိုက်ကြီးမှာ ဆိုရင်လည်းပဲ ကုန်တိုက်ကြီးတွေရဲ့ လုံခြုံရေးများ ရှိပါတယ်။

အဲဒီတော့ အရင်တုန်းက၊ လွန်ခဲ့တဲ့ ပြီးခဲ့တဲ့နှစ်တုန်းက မှတ်မိသလောက်ပြန်ပြီး အနည်းငယ် တင်ပြရလို့ရှိရင် ကုန်သည်ကြီးများဟိုတယ်နားမှာ ဖောက်ခွဲရေးပစ္စည်းတစ်ခုတွေ့ရှိပါတယ်။ အဲဒီ တွေ့ရှိတဲ့ ပစ္စည်းဟာ ရန်ကုန်တိုင်းရဲ့လုံခြုံရေးအဖွဲ့ကနေ သွားပြီးတော့ စစ်ဆေးမှသာလျှင် ဒီဟာ အဆင်ပြေတဲ့သဘောမျိုး ရှိပါတယ်။ အမှန်ကတော့ အဲဒီကုန်သည်ကြီးများဟိုတယ်မှာ ရှိနေတဲ့ လုံခြုံရေးဝန်ထမ်းတွေက လုံခြုံရေး အသိစိတ်ဓာတ်နဲ့၊ လုံခြုံရေးအသိအမြင်နဲ့ သူတို့ဆောင်ရွက်မယ် ဆိုရင် ဒါဟာ သူတို့စောစောစီးစီးတည်းက တွေ့ပြီးတော့ ဒါ သူတို့ ဖယ်ရှား ရှင်းလင်းနိုင်မှာ ဖြစ်ပါတယ်။ ဒီအတိုင်းပါပဲ၊ တချို့ကုန်တိုက်တွေမှာလည်းပဲ ကျွန်တော်တို့ ဒီလိုဖြစ်ရပ်မျိုးတွေ

ဖြစ်ပွားခဲ့တာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာခန့်ထားတဲ့ လုံခြုံရေးဝန်ထမ်းတွေဟာ ဘယ်လိုများ ခန့်ထားတာလဲ။ ဘယ်ကနေပြီး ဒီလုံခြုံရေးဝန်ထမ်းတွေကို ရှာဖွေစုဆောင်းသလဲ ဆိုတဲ့ဟာကို လေ့လာကြည့်တဲ့အခါမှာ အခု ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဲဒီလုံခြုံရေးဝန်ထမ်းတွေကို ဝန်ဆောင်မှု လုပ်ငန်းတွေရှိတယ်လို့ ကျွန်တော် လေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီဝန်ဆောင်မှုလုပ်ငန်းတွေက နေပြီး တော့မှ ဒီလုံခြုံရေးဝန်ထမ်းတွေကို ခေါ်ပြီးတော့၊ တစ်နည်းအားဖြင့်တော့ ငှားယူပြီးတော့ ခန့်ထားတဲ့ သဘောမျိုးတွေ တွေ့ရှိရပါတယ် ခင်ဗျား။ အဲဒီတော့ နိုင်ငံတကာမှာဆိုရင် ဒီလို ဟိုတယ် တွေမှာ၊ ကုန်တိုက်ကြီးတွေမှာ ထားတဲ့လုံခြုံရေး ဝန်ထမ်းတွေဟာ သက်ဆိုင်ရာ အဲဒီလို ဝန်ဆောင်မှု ပေးတဲ့ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရမှ အဲဒီကနေပြီးတော့ ဆောင်ရွက်ခွင့်ရှိပါတယ်။ နောက်တစ်ချက် အဲဒီလုံခြုံရေးဝန်ထမ်းတွေကလည်းပဲ သက်ဆိုင်ရာ လုံခြုံရေးနဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းတွေ တစ်နည်းအားဖြင့် သင်ခန်းစာတွေကို ကျေညက်ပြီးတော့ လေ့ကျင့်ပြီးမှ Certificate သက်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်တွေရပြီးတော့မှသာလျှင် ခန့်ထားခွင့်ရှိတယ်ဆိုတဲ့ အကြောင်းကိုလည်းပဲ လေ့လာသိရှိရပါတယ်။

တစ်နည်းအားဖြင့် လုံခြုံရေးဝန်ထမ်းတစ်ဦးဟာ သာမန်ဂိတ်စောင့်တစ်ယောက်လိုမဟုတ် ဘဲနဲ့ သူ့ရဲ့ဟိုတယ်မှာ၊ ဒီကုန်တိုက်ထဲမှာ ဖမ်းစရာရှိလို့ရှိရင် ကျွန်တော်တို့က ဘယ်လို အကောင်းဆုံးဖြစ်အောင် သူ့ကို ဖမ်းဆီးမလဲ။ နောက် သက်ဆိုင်ရာ အဲဒီဖောက်ခွဲရေးပစ္စည်း တွေကိုဆိုရင် ဘယ်လိုရှာဖွေမလဲ၊ သူတို့တွေ့တဲ့အခါမှာ ဒီဟာတွေကို သူတို့ကိုယ်၌ကိုယ်က ဘယ်လို ဖြေရှင်းမလဲ။ အဲဒီ အကြမ်းဖက်တဲ့ ကိစ္စရပ်တွေရှိရင်လည်းပဲ သူတို့ကိုယ်၌ကယ်က ပထမ ဘယ်လို ဖြေရှင်းမလဲ စသည်အားဖြင့် ဒီဟာတွေကို လေ့ကျင့်သင်ကြားပေးထားတယ်ဆိုတာ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမှာ ခုနတုန်းက ကျွန်တော် ဥက္ကဋ္ဌကြီးကို တင်ပြခဲ့တဲ့ အတိုင်းပါပဲ။ အဲဒီမှာရှိနေတဲ့ ကျွန်တော်တို့အစိုးရအဖွဲ့အစည်း လုံခြုံရေး ရှိပါတယ်။ သူတို့တွေကလည်း ကျွန်တော့်ကို ဒီလိုဆွေးနွေးပါတယ်။ အဲဒီမှာ ရှိနေတဲ့ လုံခြုံရေး ဝန်ထမ်းတွေဟာ အရေးကြီးပါတယ်။ နောက် ခုနတုန်းက ပြည်သူလူထုကလည်းပဲ ကျွန်တော့်ကို အဲဒီလိုပဲ ဆွေးနွေးပါတယ်။ ဒီဟာတွေကိုတော့ မီးမောင်းထိုးပြပေးပါ။

ဒါကြောင့်မို့လို့ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဒီမေးမြန်းလိုတာကတော့ အခု နိုင်ငံကလည်းပဲ ဖွံ့ဖြိုးလာတဲ့ အတွက်ကြောင့် ပိုပြီးတော့ ဒီလုံခြုံရေးကိစ္စရပ်က ပိုပြီးတော့ နိုင်ငံတကာကလည်းပဲ ဆောင်ရွက်နေတဲ့ အတွက်ကြောင့် ပိုမိုပြီးတော့ ဆောင်ရွက်ရမယ့် အနေအထားတွေမှာ ရှိနေတဲ့အတွက်ကြောင့် အခု လုံခြုံရေးဝန်ထမ်းတွေ သက်ဆိုင်ရာကနေပြီးတော့ ဒါ ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းတွေကို ကျွန်တော် ဆိုတာပါ။ သူတို့တွေကို သက်ဆိုင်ရာတွေမှာ တာဝန်ပေးတဲ့အခါမှာ နည်းဥပဒေတွေ ပြဋ္ဌာန်းခြင်း၊ ကျွန်တော်တို့ ညွှန်ကြားချက်တွေနဲ့ ဆောင်ရွက်ထားခြင်းရှိ/မရှိဆိုတဲ့မေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**နှစ်(၄၀)ကျော် သက်တမ်းလွန် မီးသတ်ယာဉ် နှစ်စီးရှိသော ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် မီးသတ်စခန်းသို့ တည်ဆောက်ပြုပြင် မီးသတ်ယာဉ်(၁)စီး ထပ်မံဖြည့်တင်းပေးရေးနှင့် ပြည်တွင်း/ပြည်ပ အလှူရှင်များမှ လှူဒါန်းသည့် မီးသတ်ယာဉ်များထဲက အစားထိုး၍ အသစ်လဲလှယ် ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးအောင်မြင့်သိန်း က နှစ်(၄၀) ကျော် သက်တမ်းလွန် မီးသတ်ယာဉ် နှစ်စီးရှိသော ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် မီးသတ်စခန်းသို့ တည်ဆောက်ပြုပြင် မီးသတ်ယာဉ်(၁)စီး ထပ်မံဖြည့်တင်းပေးရေးနှင့် ပြည်တွင်း/ပြည်ပ အလှူရှင်များမှ လှူဒါန်းသည့် မီးသတ်ယာဉ်များထဲက အစားထိုး၍ အသစ်လဲလှယ် ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းမယ့် မေးခွန်းကတော့ နှစ်(၄၀)ကျော် သက်တမ်းလွန် မီးသတ်ယာဉ် နှစ်စီးသာ ရှိတဲ့ (၃)ယူနစ် အဆင့်ရှိ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် မီးသတ်စခန်းသို့ တည်ဆောက်ပြုပြင် မီးသတ်ယာဉ် (၁)စီး ထပ်မံဖြည့်တင်းပေးရေးနှင့် ပြည်တွင်း/ပြည်ပ အလှူရှင်များမှ လှူဒါန်းသည့် မီးသတ်ယာဉ်များထဲက အစားထိုး၍ အသစ်လဲလှယ် ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့ကြီးဟာ ခရိုင်ရုံးစိုက်တဲ့ မြို့ကြီးဖြစ်ပါတယ်။ (၃)ယူနစ်အဆင့်ရှိတဲ့ ကော့ကရိတ်မြို့နယ် မီးသတ်စခန်းမှာ (င/၇၁၅၁) ISUZU မီးသတ်ယာဉ်နဲ့ (စ/၇၉၈၃) တိုယိုတာ မီးသတ်ယာဉ်(၂) စီးမှာ နှစ်(၄၀) ကျော်သက်တမ်းလွန် မီးသတ်ယာဉ်များဖြစ်ကြပြီးတော့ အသင့်အနေအထား အဆင့်အတန်းအောက်ကို ရောက်ရှိနေကြပြီးတော့ ပြုပြင်မွမ်းမံမှုများနှင့် အလွန်ပင် ကြိုးစားထားရပါတယ်။ ကော့ကရိတ်မြို့နယ်မှာ လူနေအိမ်ခြေ သုံးသောင်းနှစ်ထောင်ကျော်၊ အိမ်ထောင်စု သုံးသောင်းငါးထောင်ကျော်၊ လူဦးရေမှာ နှစ်သိန်းငါးသောင်းကျော် နေထိုင်ကြပြီးတော့ အရန်တပ်ဖွဲ့ဝင် အင်အားမှာ (၂၀၀)ဦးခန့်ရှိပါတယ်။ နိုင်ငံတော် ပိုင်စက်ရုံ(၂)ရုံနဲ့ ပုဂ္ဂလိကပိုင် စက်ရုံလုပ်ငန်း (၅၀)ရုံ ခန့်ရှိပါတယ်။

၂၀၀၅ ခုနှစ်မှာ ပေါ့ဆမီးကြောင့် ကော့ကရိတ်မြို့နယ်ရဲ့အမှတ်(၃) ရပ်ကွက်၊ ရှမ်းကုန်းရပ်ကွက်မှာ မီးလောင်မှုကြီးဖြစ်ခဲ့ပြီးတော့ အဆောက်အအုံ(၃၁)လုံးနဲ့ ဆုံးရှုံးမှုတန်ဖိုးကျပ် (၈၆၀) သိန်း ခန့်

ဆုံးရှုံးခဲ့ရပါတယ်။ နှစ်စဉ်လည်း တောမီးများမှတစ်ဆင့် နှစ်ရှည်ရာဘာပင် စိုက်ခင်းများကို လောင်ကျွမ်းမှု များလည်း ရှိနေပါတယ်။ ကော့ကရိတ်မြို့ကြီးရဲ့တောင်ဘက် တစ်မိုင်ခန့်အကွာမှာရှိတဲ့ ကမိုင်ကုန်း ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းကလည်း မီးကြွင်းမီးကျန်မှတစ်ဆင့် ၁၈-၁၁-၂၀၁၀ ရက်နေ့ညမှာ မီးလောင်ကျွမ်းခဲ့ရာ ဆုံးရှုံးမှုခန့်မှန်းတန်ဖိုး ကျပ်သိန်းတစ်ထောင်ကျော်ခန့်ရှိပြီး မြို့ရဲ့ တောင်ဘက်ကျေးရွာ တစ်ရွာဖြစ်တဲ့ (၃၃)စု ဘုန်းတော်ကြီးကျောင်းမှလည်း မီးကြွင်းမီးကျန်မှ တစ်ဆင့် ၂၇-၁-၂၀၁၄ ရက်နေ့ ည ၇ နာရီခွဲ အချိန်မှာ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှုခန့်မှန်း တန်ဖိုးကျပ်သိန်း လေးထောင်ကျော် ဆုံးရှုံးခဲ့ရပါတယ်။ ဒါ့အပြင် နှစ်စဉ် ပွင့်လင်းရာသီသို့ ရောက်လာမယ်ဆိုရင် ကျွန်တော်တို့ ကော့ကရိတ်မြို့ရဲ့ မြို့သူမြို့သားများမှာ မီးဘေးအန္တရာယ်ကို စိုးရိမ်နေကြရပြီးတော့ ပူပင်သောကများလည်း ရောက်ရှိနေကြပါတယ်။ ဒေသအခြေအနေအရ အရှေ့လေများ ပြင်းထန်စွာ တိုက်ခတ်ခြင်း၊ ရာသီဥတု ပူပြင်းခြောက်သွေ့ခြင်းများအပြင် ၂၀၁၂ ခုနှစ် မတိုင်မီ အချိန်တုန်းက အပစ်အခတ်များ မရပ်စဲမီ ငြိမ်းချမ်းရေးလက်မှတ်များ မရေးထိုးမီအချိန်များမှာ ကျွန်တော်တို့ ဒေသခံပြည်သူများမှာ လွန်စွာပဲ ပူပင်သောကများဖြင့် နေကြရပါတယ်။

သို့ဖြစ်ပါ၍ အရေးကြုံသည့်အခါမှာ အသုံးပြုနိုင်ရန်အတွက် ပထမအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးမြန်းခဲ့ရာ ထိုစဉ်က လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ်၊ မတ်လ(၂၀)ရက်နေ့ နေ့စွဲဖြင့် ပြန်လည်ဖြေကြားထားရာမှာ နိုင်ငံတော်တစ်ဝန်းလုံးမှာ နှစ်(၄၀)ကျော် သက်တမ်းလွန်မီးသတ်ယာဉ်(၄၁၈)စီးရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ အစားထိုး ဖြည့်တင်း ပေးရေး အစီအစဉ်တင်ပြထားရှိချက်အရ ကော့ကရိတ်မြို့နယ်ရှိ သက်တမ်းလွန် မီးသတ်ယာဉ် (၂)စီးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အစားထိုးလဲလှယ်ဖြည့်တင်းပေးနိုင်မယ်။ (၃)ယူနစ် အဆင့်ရှိတဲ့ မီးသတ်စခန်း ဖွဲ့စည်းပုံ ပြည့်မီစေရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပြုပြင် မီးသတ်ယာဉ်(၁)စီး ထပ်မံဖြည့်တင်းပေးရေး စီမံကိန်းရေးဆွဲတင်ပြထားပြီး ဖြစ်ပါ တယ်။ ထို့အပြင် စီမံကိန်းအတိုင်း ဘဏ္ဍာငွေခွင့်ပြုမိန့်ရရှိမှုနှင့် ပြည်တွင်း/ပြည်ပ အလှူရှင်များမှ လှူဒါန်းသည့် မီးသတ်ယာဉ်များ လက်ခံရရှိမှုပေါ်မူတည်ပြီးတော့ အစားထိုးလဲလှယ်ဖြည့်တင်းပေး သွားမည် ဖြစ်ကြောင်း ဖြေကြားထားပါတယ်။

သို့ဖြစ်ပါ၍ နှစ်(၄၀)ကျော်သက်တမ်းလွန် မီးသတ်ယာဉ်(၂)စီးသာ ရှိတဲ့ (၃)ယူနစ်အဆင့် ရှိ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် မီးသတ်စခန်းသို့ တည်ဆောက်ပြုပြင် မီးသတ်ယာဉ်(၁)စီး ထပ်မံ ဖြည့်တင်းပေးရေးနှင့် ပြည်တွင်း/ပြည်ပအလှူရှင်များမှလှူဒါန်းသည့် မီးသတ်ယာဉ်များထဲက အစားထိုး၍ အသစ်လဲလှယ်ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဒေသခံပြည်သူများ၏ ကိုယ်စား လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယခုပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ မေးခွန်းနဲ့စပ်လျဥ်းလို့ ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်မှာ ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီပေါင်း (၂၀)ခန့် ဖွဲ့စည်း ထူထောင်ခဲ့ကြပြီး လုံခြုံရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ တိုးတက်ဖွံ့ဖြိုး ပြောင်းလဲလာတဲ့ အခြေအနေများအရ ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှုများ ရှိလာဦးမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပေမယ့်လည်း လက်ရှိ အခြေအနေမှာ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုကုမ္ပဏီများအနေနဲ့ အခြားကုမ္ပဏီများနည်းတူ ၁၉၁၃ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ လိုအပ်တဲ့ အသင်းအဖွဲ့မှတ်တမ်းနဲ့ စည်းမျဥ်းများကိုရေးဆွဲပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှာ မှတ်ပုံတင်ခြင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှာ အလုပ်အတွက် ရရှိခန့်ထားနိုင်တဲ့ လူအင်အား (Man Power) လျှောက်ထားခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခွင့် ရရှိပြီးပါက သတ်မှတ်ထားတဲ့ အရည်အချင်းပြည့်မီသူများကို ရွေးချယ်၍ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ပို့ချပေးပြီး လုံခြုံရေးဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိကြပါတယ်။ လုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီများအနေနဲ့ ၎င်းတို့ငှားရမ်းလိုတဲ့ အလုပ်ရှင်များနဲ့ (၂)ဦး သဘောတူ ညှိနှိုင်းသတ်မှတ်ချက်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါ ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများဟာ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့က ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိတဲ့ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီနေတဲ့ အရန်အင်အားများဖြစ်ကြောင်းလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လက်ရှိအခြေအနေမှာ နိုင်ငံတော်ရဲ့ တိုးတက်ဖွံ့ဖြိုးပြောင်းလဲလာတဲ့ အခြေအနေများနဲ့ အညီ တိုးပွားလာမယ့် ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးရန် လိုအပ်လျက် ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ခေတ်စနစ်နဲ့ အညီ လိုအပ်တဲ့ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းနဲ့ မလိုအပ်တဲ့ ဥပဒေများဖျက်သိမ်းခြင်းများကို ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ဆောင်ရွက်လျက် ရှိပါတယ်။

လက်ရှိ အခြေအနေမှာတော့ ပုဂ္ဂလိက လုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ ညွှန်ကြားချက်များ ပြဋ္ဌာန်းထုတ်ပြန်နိုင်ခြင်း မရှိပေမယ့်လည်း ၁၉၁၃

ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ အခြား ကုမ္ပဏီများ နည်းတူ မှတ်ပုံတင်စေလျက် ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိက လုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်တဲ့ ဥပဒေနဲ့ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ စံချိန်စံနှုန်းများနဲ့အညီ ဖြစ်စေရန် ဥပဒေပညာရှင်များရဲ့ အကူအညီ ရယူပြီး လုပ်ထုံးလုပ်နည်းများနဲ့အညီ တင်ပြဆောင်ရွက်နိုင်ရေး စီစဥ်ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကရင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ဟာ မြို့ပေါ်ရပ်ကွက် (၇)ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၃)အုပ်စု၊ မြို့ပေါ်အိမ်ခြေ (၇၀၃၉)လုံး၊ မြို့ပေါ်လူဦးရေ (၄၄၄၅၅)ဦးနဲ့ ဌာနဆိုင်ရာ အဆောက်အဦ (၃၀)လုံး ရှိပါတယ်။ အဆိုပါ မြို့နယ်မှာ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ အထိ မီးလောင်မှု (၁၆)ကြိမ် ဖြစ်ပွားခဲ့ပြီး၊ တန်ဖိုးငွေကျပ် (၁၀၈,၆၁၀,၀၀၀)ကျပ် ဆုံးရှုံးခဲ့ပါတယ်။ လက်ရှိအနေနဲ့ ကော့ကရိတ်မြို့နယ်၊ မီးသတ်စခန်းမှာ လက်ထောက်မီးသတ်ဦးစီးမှူး(၁)ဦး၊ မီးသတ်တပ်ကြပ်(၁)ဦး၊ မီးသတ်ဒုတပ်ကြပ်(၁)ဦး၊ မီးသတ်တပ်သား(၆)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၅၈၆)ဦးနဲ့ ISUZU မီးငြိမ်းသတ်ယာဥ်(၁)စီး၊ တိုယိုတာ မီးငြိမ်းသတ်ယာဥ်(၁)စီး၊ စုစုပေါင်း မီးသတ်ယာဥ် (၂)စီး တို့ဖြင့် ကော့ကရိတ်မြို့နယ်ရဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့အပြင် ကော့ကရိတ်မြို့နယ်အတွက် ဦးစီးအရာရှိဦးစီးတဲ့ အင်အား (၉)ဦးပါဝင်တဲ့ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ရုံး(၁)ရုံး၊ ဒု မီးသတ်ဦးစီးမှူး ဦးစီးတဲ့ အင်အား(၂၈)ဦးနဲ့ မီးငြိမ်းသတ်ယာဥ် (၂)စီး၊ မီးသတ်ရေသယ်ယာဥ် (၁)စီး၊ မီးသတ် စက်ယာဥ်(၁)စီး၊ စုစုပေါင်း မီးသတ်ယာဥ်(၄)စီး ပါဝင်တဲ့ မြို့နယ်မီးသတ်စခန်း(၁)စခန်းနဲ့ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစီးတဲ့ အင်အား(၉)ဦး၊ မီးငြိမ်းသတ် ယာဥ်(၁)စီး၊ မီးသတ်ရေသယ်ယာဥ်(၁)စီး၊ စုစုပေါင်းမီးသတ်ရေယာဥ်(၂)စီး ပါဝင်တဲ့ နယ်မြေမီးသတ် စခန်း (၁)စခန်းတို့ဖြင့် တာဝန်ချထားနိုင်ရန် ဖွဲ့စည်းပုံ ခွင့်ပြုမိန့် ရရှိပြီး ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်မီးသတ်စခန်းကို ပြုပြင်တည်ဆောက်ထားတဲ့ မီးသတ် ယာဥ်(၁)စီး ထပ်မံဖြည့်တင်းပေးရေးနဲ့ စပ်လျဥ်းလို့ ယခုအခါ မီးသတ်ဦးစီးဌာန အနေနဲ့ မီးသတ်ယာဥ် များ ပြုပြင်တည်ဆောက်မှု မရှိတော့ဘဲ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့်သာ တရုတ်နိုင်ငံလုပ် ဒေါင်ဖန်း မီးသတ်ယာဥ်များကို ဝယ်ယူကာ လိုအပ်ချက်ရှိတဲ့ ဒေသများကို ဖြည့်တင်းပေးနိုင်ရေး စီမံ ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် ပြည်တွင်း/ပြည်ပ အလှူရှင်များမှ မီးသတ်ဦးစီးဌာနသို့ မီးသတ်ယာဥ်များ လှူဒါန်းလျက်ရှိရာမှာ မီးသတ်ဦးစီးဌာနသို့ တိုက်ရိုက်လှူဒါန်းခြင်း၊ အလှူရှင်များနဲ့ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများမှ ဆန္ဒပြုရာဒေသများသို့ လှူဒါန်းခြင်းစတဲ့ နည်းလမ်းများဖြင့် လှူဒါန်းလျက်ရှိရာ လတ်တစ်လောအခြေအနေမှာ ပြည်တွင်း/ပြည်ပအလှူရှင်များမှ မီးသတ်ဦးစီးဌာနသို့ မီးသတ်ယာဥ်များ လှူဒါန်းထား မှု မရှိသေးပါ။

သို့ရာတွင် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေနဲ့ ဝယ်ယူထားတဲ့ တရုတ် နိုင်ငံလုပ် ဒေါင်ဖန်းမီးငြိမ်းသတ်ယာဥ် (၂၂၂)စီး အနက် (၂၁၅)စီး ရောက်ရှိလာသဖြင့် ကနဦး လိုင်စင်

ပြုလုပ်ပြီး တိုင်းဒေသကြီးပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးများသို့ ခွဲဝေလွှဲပြောင်းပေးနိုင်ရေး စီစဉ်ထားရှိပါတယ်။

သို့ဖြစ်ရာ အဆိုပါ ဒေါင်ဖန်းမီးသတ်ယာဥ်များအနက်မှ (၄)စီးကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးသို့ ခွဲဝေလွှဲပြောင်းပေးခဲ့ရာ ကော့ကရိတ်မြို့နယ်သို့ ဒေါင်ဖန်းမီးသတ်ယာဥ်(၁)စီး လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါကြောင်းနဲ့ ကော့ကရိတ်မြို့နယ်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံး(၁)ရုံး၊ မြို့နယ်မီးသတ်စခန်း(၁)စခန်းနဲ့ နယ်မြေမီးသတ်စခန်း(၁)စခန်းတို့အတွက် ဖွဲ့စည်းပုံနဲ့အညီ ဖြည့်တင်းပေးရန် ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးမှ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဘဏ္ဍာငွေ ခွင့်ပြုမိန့် တင်ပြတောင်းခံသွားရမှာဖြစ်ပြီး၊ ဘဏ္ဍာငွေခွင့်ပြုမိန့် ရရှိပါက ကော့ကရိတ်မြို့နယ် မီးသတ်စခန်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တက္ကသိုလ်ဝင်တန်း အောင်စာရင်းများ ထုတ်ပြန်ရာတွင် အမှတ်စာရင်း တစ်ပါတည်း ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ၊ အောင်မြင်သူများ၏ ရမှတ်နှင့် ကျရှုံးသူများ၏ အမှတ်စာရင်းကို On Line မှ ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် တက္ကသိုလ် အသီးသီးသို့ ဝင်ရောက်ခွင့်အား On Line မှ လျှောက်ထားနိုင်စေရန် စီစဉ်ပေးနိုင် ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးလှဆွေ က တက္ကသိုလ်ဝင်တန်း အောင်စာရင်းများ ထုတ်ပြန်ရာတွင် အမှတ်စာရင်း တစ်ပါတည်း ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ၊ အောင်မြင်သူများ၏ ရမှတ်နှင့် ကျရှုံးသူများ၏ အမှတ်စာရင်းကို On Line မှ ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိနှင့် တက္ကသိုလ်အသီးသီးသို့ ဝင်ရောက်ခွင့်အား Online မှ လျှောက်ထားနိုင်စေရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျန်းမာချမ်းသာ ရေမင်္ဂလာအဖြာဖြာနဲ့ ပြည်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြလိုတဲ့ မေးခွန်းကတော့ (က) တက္ကသိုလ်ဝင်တန်း အောင်စာရင်းများ ထုတ်ပြန်ရာတွင် (က) အမှတ်စာရင်း တစ်ပါတည်း ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ။ (ခ) On Line မှ အောင်မြင်သူများ၏ ရမှတ်ကို ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ။ (ဂ) ကျရှုံးသူများ၏ အမှတ်စာရင်း ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ။ (ဃ) On Line မှ ကျရှုံးသူများ၏ အမှတ်စာရင်းကို ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ။ (င) တက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်အား On Line မှ လျှောက်ထားနိုင်စေရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းများပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ (၁၀)တန်းအောင်လို့ရှိရင် မြန်မာနိုင်ငံမှာ အမှတ်စာရင်း ထုတ်ယူရတဲ့ ဒုက္ခဟာ စာမေးပွဲအောင်ဖူးသူတိုင်း မလွဲမသွေ ကြုံတွေ့ရတဲ့ အခက်အခဲတစ်ခု ဖြစ်ပြီးတော့ ဆက်လက်ပြီးတော့လည်း ခက်ခဲနေဦးမယ့် ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ အောင်စာရင်း ကြေညာကတည်းက ဘယ်ဘာသာအမှတ်ဘယ်လောက်၊ စုစုပေါင်း အမှတ်ပေါင်းက ဘယ်လောက် စသည်ဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖော်ပြပေးရင် အောင်စာရင်း ထွက်ပေးတဲ့ဌာနက ဝန်ထမ်းများ အလုပ်အနည်းငယ်ပိုတာက လွဲပြီးတော့ ခက်ခဲတဲ့ ကိစ္စတစ်ခု မဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ အဲဒီလို ဝန်ဆောင်မှုပေးမယ်ဆိုရင် စာမေးပွဲအောင်ပြီးနောက် အမှတ်စာရင်းထုတ်ယူရန် လျှောက်ထားတိုင်း ကျခံရမယ့် ကုန်ကျစရိတ်တွေ၊ စာစစ်ဌာနတွေ၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွေကို သွားရမယ့် ခရီးစရိတ်တွေ အားလုံးဟာ သက်သာသွားမှာဖြစ်ပြီးတော့ စာမေးပွဲအောင်တဲ့ ကျောင်းသားတွေအတွက် မိမိမည်သည့် တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိတယ် ဆိုခြင်းကို ချက်ခြင်းဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် အချို့သော ဝန်ထမ်းများရဲ့ အောင်လက်မှတ်နဲ့ အောင်စာရင်း သွားထုတ်ပေးမယ်၊ ဘယ်လောက်ကျတယ်ဆိုပြီးတော့ ငွေကြေးပေးကမ်းရတာတွေလည်းရှိတော့မှာ မဟုတ်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် အချို့ကျောင်းသားများမှာ ဂုဏ်ထူးနည်းနည်းသာပါတဲ့ အတွက်ကြောင့် အမှတ်မကောင်းဘူးလို့ ယူဆပြီးတော့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေကို မလျှောက်တော့ဘဲနဲ့ ကုန်သည် ပွဲစားလုပ်ရင်း နောက်ကျမှ သိရတဲ့ အမှတ်စာရင်းအရ ဆရာဝန်လိုင်းတို့ စသည်ဖြင့် တက်ခွင့်ရနေတာကို နောက်ကျသွားတဲ့အတွက်ကြောင့် နိုင်ငံအတွက်ရော၊ ကျောင်းသားအတွက်ရော ဆုံးရှုံးမှုများ ဖြစ်ပေါ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျရှုံးသူအမှတ်စာရင်းကိုလည်း ထုတ်ပြန်ပေးမယ်ဆိုရင် မိမိဘယ်ဘာသာမှာ အားနည်း၍ ကျရှုံးတယ်ဆိုတာကို နောက်နှစ်မှာ အဲဒီဘာသာကို အထူးပြု ပြီးတော့ လေ့လာနိုင်မှာ ဖြစ်ပါတယ်။ အချို့ကတော့ ဖြေနိုင်တဲ့ ဘာသာက ကျရှုံးနေပြီးတော့ အချို့က သာမန်လောက်သာ ဖြေနိုင်သော်လည်း ဂုဏ်ထူးအမှတ်ထက် ကျော်လွန်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ကျရှုံးသူများအတွက် အမှတ်စာရင်းထုတ်ပြန်ပေးမယ်ဆိုပါက အဆိုပါ ကျောင်းသားဟာ မိမိရဲ့ အားနည်းချက်အမှန်ကို သိရှိရပြီးတော့ လေ့လာနိုင်မှာ ဖြစ်တယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။

အဆိုပါ အောင်ခြင်း၊ ရှုံးခြင်းအား အမှတ်စာရင်းနှင့်တကွ စာစစ်ဌာနများမှာ ကပ်ပေးရင် ပိုပြီးတော့ သင့်လျော်ပြီးတော့ On Line ကနေလည်း ခေတ်နဲ့အညီ ထုတ်ပြန်ပေးမယ်ဆိုပါက တက္ကသိုလ်ဝင်တန်း ကျောင်းသားများအတွက် အောင်စာရင်းကြည့်ရှုရာမှာ အထူးသင့်လျော်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါ့အပြင် တက္ကသိုလ်တက်ရောက်ခွင့် လျှောက်လွှာများကို လျှောက်ထားရာမှာ အထူးခက်ခဲပြီးတော့ ငွေပေးမှ လျှောက်လွှာလက်ခံတဲ့ ဌာန အများအပြားရှိနေကြောင်း စုံစမ်းသိရှိရပါတယ်။ ၂၀၁၂-၂၀၁၃ ပညာရေးနှစ်၊ စက်မှုတက္ကသိုလ် အမှတ်မီသော ကချင်ပြည်နယ်၊ ရွှေကူမြို့မှ ကျောင်းသားတစ်ဦးဟာ စာတိုက်မှ မှတ်ပုံတင်ပြီးတော့ စက်မှုတက္ကသိုလ် တက်ရောက်ခွင့်ကို ပေးပို့လျှောက်ထားရာ ၎င်းထက် အမှတ်နည်းတဲ့ သူတွေက ဝင်ခွင့်ရပြီးတော့ သူရဲ့ အမည်စာရင်းက ပါမလာပါဘူး။ အဘယ်ကြောင့် အမည်စာရင်း မပါလာသလဲ ဆိုတာကို ရန်ကုန်ဆင်းပြီးတော့ စုံစမ်းတဲ့အခါမှာ ရုံးခန်းအပေါက်ဝကနေ အထဲကို ဝင်ဖို့ (၅၀၀၀)ကျပ်ပေးရမယ် ပြောတဲ့အတွက်ကြောင့် (၅၀၀၀)ကျပ်ပေးပြီးတော့ ဝင်ခဲ့ရပါတယ်။ ရုံးခန်းထဲရောက်တဲ့အခါမှာ အဆိုပါ ကျောင်းသားဟာ စာတိုက်မှ ပေးပို့

တဲ့စာဟာ ရောက်ရှိခြင်း မရှိကြောင်း တာဝန်ခံအမျိုးသမီးက ပြောပါတယ်။ ဒီကျောင်းသားက ၎င်း ပေးပို့တဲ့ စာတိုက်က မှတ်ပုံတင်ဖြတ်ပိုင်းကို တင်ပြပြီးတော့ ဆက်သွယ်ရေးဝန်ကြီးဌာနကို ကျွန်တော့် စာပျောက်သွားပါတယ်ဆိုတဲ့အကြောင်း မေးမြန်းတဲ့အခါမှာ ဗဟိုစာတိုက်မှူးကြီးကိုယ်တိုင် လက်မှတ် ရေးထိုးပြီးတော့ အကြောင်းပြန်ကြားစာ ရရှိခဲ့ပါတယ်။ အဲဒီအကြောင်းပြန်စာထဲမှာ ကချင်ပြည်နယ်၊ ရွှေကူမြို့က ကျောင်းသားရဲ့ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာကို မှတ်ပုံတင်စာထည့်ပြီး (၄)ရက်အကြာမှာ ရန်ကုန်မြို့ တက္ကသိုလ်ဝင်ခွင့် အဖွဲ့ထံသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း စာအား လက်မှတ်ရေးထိုး လက်ခံ ထားသူ အမျိုးသမီးမှာစာတိုက်မှ စာရောက်ခြင်းမရှိဟုဆိုတဲ့ အမျိုးသမီးဖြစ်နေတာကို အံ့သြဖွယ် တွေ့ရှိရပါတယ်။ စာတိုက်မှ တာဝန်ကျေပြီးတော့ ပညာရေးဝန်ထမ်းရဲ့ အဂတိလိုက်စားမှု ဖြစ်နေ ကြောင်း ပေါ်လွင်နေပါတယ်။

ဒီကျောင်းသားမှာ ၎င်း၏ အမှတ်နှင့် တက်သင့် တက်ထိုက်သော တက္ကသိုလ်ကို အချိန်မီ တက်ခွင့်မရဘဲနဲ့ တက်ခွင့်မရခဲ့ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒီလို ပြဿနာတွေ ပြေလည်စေဖို့ တက္ကသိုလ်ဝင်ခွင့်ကို On Line မှ လျှောက်ထားစေခြင်းအားဖြင့် ပြေလည်သွားမယ်လို့ ယုံကြည်ပါ တယ်။ နိုင်ငံခြားမှာရှိတဲ့ တက္ကသိုလ်တွေကိုတောင်မှ On Line ကနေ လျှောက်လို့ရနေတဲ့အချိန်မှာ ဒီခေတ်ကြီးထဲမှာ ပြည်တွင်းက တက္ကသိုလ်ကို ဘာကြောင့် မရနိုင်ရမှာလဲ၊ ရသင့်တယ်လို့ ထင်မြင်ယူဆ ပါတယ်။ သို့မှသာ အဂတိတရားကင်းရှင်းစွာနဲ့ မိမိရသောအမှတ်နဲ့ ထိုက်တန်တဲ့ တက္ကသိုလ်ကို တက်ခွင့်ရမယ်လို့ ယုံကြည်ပါတယ်။ ဤသို့ မမှန်မကန်ဖြစ်ရပ်များဟာ ဘဝတစ်ခုရဲ့ အဆစ်အချိုး အပြောင်းအလဲကို များစွာထိခိုက်နစ်နာစေပါတယ်။ စက်မှုတက္ကသိုလ်ဝင်ခွင့်ရပါလျက်နဲ့ ဝိဇ္ဇာ/သိပ္ပံ၊ စာပေးစာယူ တက်နေရခြင်းဟာ မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စဖြစ်ပြီးတော့ နိုင်ငံအတွက်လည်း နစ်နာ ဆုံးရှုံးမှုတစ်ခု ဖြစ်ပါတယ်။

ဒီ ပြဿနာကို ကျော်လွှားနိုင်ရန် On Line မှလျှောက်ထားခွင့်ပြုဖို့ အထက်ပါမေးခွန်းများ အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာပထမ ဂါရဝပြု ဆုတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြစ်ပြီး၊ မကွေးတိုင်းဒေသကြီး၊ အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ တက္ကသိုလ်ဝင်တန်း အောင်စာရင်များ ထုတ်ပြန်ရာမှာ အမှတ်စာရင်း တစ်ပါတည်း ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ။ On Line မှ အောင်မြင်သူများရဲ့ ရမှတ်နဲ့ ကျရှုံးသူများရဲ့

အမှတ်စာရင်း ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ တက္ကသိုလ် အသီးသီးတို့ ဝင်ရောက်ခွင့်အား On Line မှ လျှောက်ထားစေရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိစတဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်း ဖြေကြား သွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ မကွေးတိုင်းဒေသကြီး၊ အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ မေးခွန်းကို ဆန်းစစ်ကြည့်မယ်ဆိုရင် ဒါ အပိုင်း(၅)ပိုင်း ခွဲပြီးတော့ ဖြေကြားသွားရန်ဖြစ်ပါတယ်။ အဲဒီတော့ ပထမပိုင်း အနေနဲ့တော့ တက္ကသိုလ်ဝင်တန်း အောင်စာရင်းများ ထုတ်ပြန်ရာမှာ ကျွန်တော်တို့ အမှတ်စာရင်းတွေ ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိဆိုတာနဲ့ စပ်လျဉ်းပြီး ဖြေကြားပါမယ်ခင်ဗျား။ တက္ကသိုလ်ဝင်တန်း အောင်စာရင်း ထုတ်ပြန်ရာမှာ အမှတ်စာရင်းကို တစ်ပါတည်းထုတ်ပြန်ပေးနိုင်ခြင်း မရှိပါဘူး။ ဒါကလည်း ဘာကြောင့်လဲဆိုရင် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်တဲ့ အမှတ်စာရင်းဟာ ကာယကံရှင် တစ်ဦးတည်းနဲ့သာ သက်ဆိုင်တဲ့ ကိစ္စဖြစ်ပါတဲ့အတွက် တစ်ဦးချင်းသို့သာ ထုတ်ပေးလျက် ရှိပါတယ်။ အမှတ်စာရင်းထုတ်ယူတဲ့အခါမှာ အခြေအနေ(၂)မျိုးရှိကြောင်း တင်ပြအပ်ပါတယ်။ ပထမအခြေအနေကတော့ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူများအတွက် အချိန်ကုန်သက်သာပြီး လျှင်လျှင်မြန်မြန်လွယ်ကူချောမွေ့စွာ ရရှိနိုင်ဖို့အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့တဲ့ စာစစ်ဌာန ကြီးကြပ်ရေးမှူးများမှာ၊ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများထံမှာ အမှတ်စာရင်းရယူနိုင်ပါတယ်။ အဲဒီရယူတဲ့အမှတ်စာရင်းနဲ့ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနဲ့အတူ ပူးတွဲတင်ပြလျှောက်ထားကြရန် စီစဉ်ထားရှိပါတယ်။

နောက် အပိုင်း(၂)အနေနဲ့ကတော့ အမှတ်စာရင်းသိရှိလိုသူများအတွက် အောင်စာရင်းထုတ်ပြန်ပြီးတော့ မကြာမီအချိန်အတွင်းမှာပဲ ရန်ကုန်မြို့ မေခဆောင်နဲ့ နေပြည်တော်မှာရှိတဲ့ ရုံးအမှတ်(၅၂)တို့မှာ နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒါက ဆောင်ရွက်ထားရှိမှု အခြေအနေကို တင်ပြအပ်ပါတယ်။ အဲဒီတော့ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ၏ ရမှတ်ကို On Line မှ ထုတ်ပြန်ပေးနိုင်ခြင်း လောလောဆယ် မရှိသေးပါဘူး။ ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာပြီးတော့ လူတိုင်းသုံးစွဲနိုင်တဲ့ အခါမှ၊ လူတိုင်းကျွမ်းကျင်စွာ သုံးစွဲလာနိုင်သည့်အခြေအနေမှ On Line စနစ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားနိုင်မယ့် အခြေအနေရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျရှုံးသူများရဲ့ အမှတ်စာရင်းများကိုလည်း ရန်ကုန်မြို့ မေခဆောင်နဲ့ နေပြည်တော်ရှိ ရုံးအမှတ်(၅၂)တို့မှာ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် ကျရှုံးသူများရဲ့ အမှတ်စာရင်းကိုလည်း On Line မှ ထုတ်ပြန်ပေးနိုင်ခြင်း မရှိပါဘူး။ အဓိက အကြောင်းအရာကြီး(၂)ခုရှိပါတယ်။ (၁)ကတော့ ကျွန်တော်တို့ နေရာဒေသအားလုံးမှာ အင်တာနက်ရရှိနိုင်တဲ့ အခွင့်အရေးရရှိမှု နေရာဒေသမရွေးအားလုံးမှာ တစ်ပြေးညီ အခွင့်အလမ်း ရရှိမှာဖြစ်လို့ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ Security လို့ခေါ်တဲ့ On Line လုံခြုံရေး ဖြစ်ပါတယ်။ အကယ်၍များ ဒီ Security စနစ် မကောင်းဘူးဆိုလို့ရှိရင် အခြားလူရဲ့ ခုံအမှတ်နဲ့ အမှတ်စာရင်းကို အသုံးပြုပြီးတော့ On Line မှ မမှန်မကန် တင်သွင်းလာမှုတွေ ရှိနိုင်တဲ့အတွက် ဖြစ်ပါတယ်။ ယခုကဲ့သို့ Hard Copy လို့ ပြောတဲ့ ကျွန်တော်တို့ စာရွက်နဲ့ ထုတ်ပေးတာတောင်မှ တစ်ခါတစ်ရံမှာ ပြန်လည်စိစစ်ရတဲ့ ကိစ္စတွေ ရှိကြောင်းလည်း ပူးတွဲတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ On Line မှ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားခြင်းကို လောလောဆယ် စီစဥ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခုန ဆက်စပ်မေးခွန်းနဲ့ ဆက်လက်ပြီး ဆက်လက်ဖြေကြားခွင့်ပြုပါ။ ပိုမို ရှင်းလင်းလွယ်ကူစေရန်အတွက် ကျွန်တော် Power Point လေးနဲ့ တင်ပြခွင့်ပြုပါလို့ ခွင့်ပြုမိန့် တောင်းခံအပ်ပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ ဒီ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများ လျှောက် ထားရာမှာ အထူးခက်ခဲပြီးတော့ ငွေပေးမှ လျှောက်လွှာလက်ခံနေရသော ဌာနအများအပြား ရှိနေ ကြောင်း ကိစ္စရပ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရှင်းလင်းပြောကြားလိုပါတယ်။ အဲဒီတော့ ကျွန်တော် တို့ ပြန်လည်စိစစ်ကြည့်တဲ့အခါမှာတော့ ဤ ဖြစ်စဥ်နဲ့ အလားတူ ဖြစ်စဥ်မျိုး ဖြစ်ခဲ့ခြင်း မရှိကြောင်း ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ အဲဒီတော့ ငွေပေးငွေယူလုံးဝမဖြစ်စေရန်အတွက် ကြိုတင် ကာကွယ်ဆောင်ရွက်ထားခဲ့တဲ့ အခြေအနေတွေကိုလည်း ကျွန်တော်တို့ Power Point လေးနဲ့ ကျွန်တော် ဆက်လက်တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာဆိုလို့ရှိရင်လည်း လာရောက် စုံစမ်းမေးမြန်း တဲ့ ကျောင်းသား/ကျောင်းသူများ အဆင်ပြေစေနိုင်ရန်အတွက်၊ ဒီ သိရှိနိုင်ဖို့အတွက် ကျွန်တော်တို့ (၄)ပေ၊ (၃)ပေ ဗီနိုင်းဖြင့် ရုံးအဝင်ဝမှာပင် ကြော်ငြာထားရှိခြင်းအပြင် လာရောက်စုံစမ်း သူများရဲ့ ကိစ္စအဝဝကို တွေ့ဆုံဖြေရှင်းပေးနေတဲ့ ကျွန်တော်တို့ Public Regulation ဌာနစိတ်၊ ပုံမှာ မြင်တွေ့နေရတဲ့အတိုင်းပါပဲ ခင်ဗျား။ သီးခြားအခန်းအနေဖြင့် ရုံးခန်းဖွင့်ပြီးတော့ ဝန်ထမ်းများကို တာဝန်ချထား ဆောင်ရွက်ဖြေပေးလျက်ရှိပါတယ်ခင်ဗျား။

အဲဒီအပြင် ရုံးလုပ်ငန်းမှာ လာရောက်ဆောင်ရွက်သူများကို ငွေကြေးတံစိုးလက်ဆောင် တစ်စုံတစ်ရာပေးရန် လုံးဝ(လုံးဝ) မလိုကြောင်း၊ လာရောက်တိုင်ကြားနိုင်ကြောင်း အခက်အခဲရှိက တာဝန်ရှိသူထံ လာရောက်တွေ့ဆုံတိုင်ကြားနိုင်ကြောင်း အသိပေးထားတဲ့ ကြော်ငြာများ၊ (၃)ပေ၊ (၂)ပေ ဗီနိုင်းလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်ငန်းအဆင့်နဲ့ အများမြင်သာသော (၂)နေရာမှာ ကပ်ထားခြင်း ဖြင့် ငွေပေးငွေယူကိစ္စ လုံးဝမဖြစ်စေရန် ကြိုတင်ကာကွယ် ဆောင်ရွက်ထားရှိပါတယ် ခင်ဗျား။

ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက် အပိုဒ်(၅)မှာပါရှိတဲ့ ကချင်ပြည်နယ်၊ ရွှေကူမြို့မှ ကျောင်းသား နဲ့ စပ်ဆိုင်တဲ့ ဖြစ်နိုင်ခြေများကို တက္ကသိုလ်ဝင်ခွင့်ပြုစာရင်းမှာ ပြန်လည်စိစစ်ခဲ့ရာမှာတော့ ၂၀၁၂- ၂၀၁၃၊ ပညာသင်နှစ်မှာ နည်းပညာတက္ကသိုလ်သို့ ဝင်ခွင့်ပြုခဲ့တဲ့ ကျောင်းသားတစ်ဦး ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီကျောင်းသားကတော့ မောင်ထက်ဝေအောင်၊ မှတ်ပုံတင်အမှတ် ၁/ရကန (နိုင်)၀၆၃၆၂၅၊ ခုံအမှတ်(မရမ-၁၄၄၃)၊ ချမ်းမြသာစည်၊ မန္တလေးဟာ စာတိုက်မှ လျှောက်ထားပြီး၊ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာကို စာရေးလက်ခံခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ ဒီလိုလက်ခံခြင်း မရှိပေ မယ့်လည်း ကျောင်းသားနစ်နာမှု မရှိစေရေးအတွက် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့သို့ မရောက် ရှိတဲ့အတွက် လုပ်ထုံးလုပ်နည်းအရ လျှောက်လွှာစာရွက် အသစ်ထုတ်ယူလိုကြောင်းကို ကိုယ်တိုင်ရေး လျှောက်လွှာရေးသွင်းစေပြီး လျှောက်လွှာစာရွက်အသစ်ဖြင့် လျှောက်ထားစေခဲ့ကြောင်းနှင့် ၎င်း ကျောင်းသားဟာ သူလျှောက်ထားရမယ့်၊ သူတက်ရမယ့်နှစ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ နည်းပညာ တက္ကသိုလ်သို့ ဝင်ခွင့်ပြုခဲ့ပါကြောင်း စိစစ်တင်ပြအပ်ပါတယ်။

အဲဒီအပြင် ကျွန်တော်တို့က လောလောဆယ် တက္ကသိုလ်ဝင်ခွင့် စိစစ်တဲ့ အနေအထား ကတော့ လျှောက်လွှာတွေ အားလုံးစုံမှ ဒီ တက္ကသိုလ်များရဲ့ လက်ခံနိုင်တဲ့ ဦးရေ၊ ကျွန်တော်တို့ရရှိတဲ့

အမှတ်အပေါ်မှာမူတည်ပြီး စိစစ်ဆောင်ရွက်တဲ့အတွက် ကြိုတင်ပြီးတော့ သူကတော့ ဘယ်လိုင်း ဝင်မယ်၊ ဘယ်လိုင်း မဝင်ဘူးဆိုတာ ခန့်မှန်း၍ မရကြောင်း တစ်ခါတည်း တင်ပြအပ်ပါတယ်ခင်ဗျား။ သူက လျှောက်ထားတဲ့အပေါ်မှာမှ ကျွန်တော်တို့က အမှတ်အများအနည်းအလိုက် စီစဉ်ပြီးတော့ အဲဒီကျောင်းက လက်ခံနိုင်တဲ့ ဦးရေအလိုက် ဖြတ်သွားတဲ့အတွက် ဒီနှစ်မှာ ဒီအမှတ်နဲ့ ဒီဘာသာကို ဝင်ပေမယ့် နောက်နှစ်မှာ ဝင်ဖို့ဟာ အောင်တဲ့အခြေအနေ၊ ရရှိတဲ့အမှတ်အပေါ် မူတည်ကြောင်း တစ်ပါတည်း ပူးတွဲ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ မောင်ထက်ဝေအောင် ကိစ္စဟာ သူလိုမျိုးကျောင်းသားတွေ ဘယ်လောက်များ သလဲဆိုတာတော့ ကျွန်တော် မခန့်မှန်းနိုင်ပါဘူး။ သို့သော်လည်း ဒီ မောင်ထက်ဝေအောင် ဟာ ကျွန်တော့်ဆီကို အကူအညီတောင်းတဲ့အတွက်ကြောင့် ကျွန်တော်ကိုယ်တိုင် ဒေါက်တာမြဒေး ဆီကို သွားပြောမှ ဟာ အဲဒီ့စာ လက်ခံရရှိခြင်း မရှိဘူးဆို ကျွန်တော်လည်း ဦးသိန်းထွန်း ဆီကိုသွားပြီးတော့ ဆက်သွယ်ရေးဝန်ကြီးကို ဆက်သွယ်ရေးဝန်ကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ စာ ပို့လိုက်တယ်။ မရဘူးလို့ ပြောတယ်ဆို၊ သူက ဆက်သွယ်ရေးဝန်ကြီးက ကျွန်တော်တို့ စာတိုက်မှူးကြီးကို မေးတဲ့အခါ၊ စာတိုက်မှူးကြီးက ဘယ်နေ့၊ ဘယ်ရက်မှာပို့တယ်၊ လက်ခံထားတာ ဘယ်သူဆိုတာ၊ အဲဒီ လက်ခံထားတဲ့ တက္ကသိုလ်ဝင်ခွင့် လက်ခံရေးဌာန အမျိုးသမီးဆီကို သူကိုယ်တိုင် လက်မှတ်ထိုးပြီးယူထားတယ်။ ဒါတောင်မှ ကျွန်တော်လို လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က သွားပြီးတော့မေးမှ ပညာရေး ဝန်ကြီးကိုလည်း ကိုယ်တိုင်သွားတွေ့တယ်။ ဆက်သွယ်ရေးဝန်ကြီးကိုလည်း ကိုယ်တိုင်သွားတွေ့တယ်။ ဒါကတော့ နစ်နာပြီဆိုမှ ပညာရေးဝန်ကြီးဌာနက ရုံးအဖွဲ့မှူးနဲ့တွေ့ပြီးတော့ ဒါကတော့ နစ်နာပြီ၊ ခင်ဗျားတို့ ဘယ်လိုစီစဉ်ပေးမလဲဆိုမှ မူလဟာပြန်ရတာ၊ အကယ်၍သာ လျှောက်လွှာ မရောက်ပါဘူးလို့ ငြင်းလိုက်လို့ ဟိုကလေးကသာ ယောင်တိယောင်ချာဖြစ်နေရင်၊ ကျွန်တော်လို လွှတ်တော် ကိုယ်စားလှယ် တစ်ယောက် လိုက်ပါဆောင်ရွက်ပေးခြင်း မရှိတဲ့ဟာတွေ ဘယ်လောက်တောင် များသလဲဆိုတာတော့ တော်တော်ခက်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး ဝန်ကြီးအနေနဲ့ ရှေ့လျှောက်ပြီးတော့ မှန်ကန်စွာ ဆောင်ရွက်သွားမယ်ဆိုတာ သိရတဲ့အတွက် ကျေးဇူးတင်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ် ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ အားလုံး ကျေးဇူးတင်ပါတယ်။ ဒါကတော့ ယခုလက်ရှိ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ System အရ ဖြစ်ပါတယ်။ နောင်မှာတော့ ကျွန်တော်တို့ဟာ သီးခြား သူ့ဟာသူ တက္ကသိုလ်က သီးခြား သူ့ဟာသူ ရပ်တည်သွားနိုင်တဲ့ အခြေအနေကျရင် ဒီဟာတွေကလည်း နောင် အနာဂတ်မှာ ဒါ System တစ်မျိုး ဖြစ်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါလေးတော့ ကျွန်တော်တို့ လက်ရှိလည်း ပညာရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပလျက်ရှိတဲ့အတွက် စာမေးပွဲစနစ်တို့၊ တက္ကသိုလ်ဝင်ခွင့်စနစ်တို့နဲ့ ပတ်သက်ပြီးတော့လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလျက် ရှိတဲ့အတွက်

အဲဒီမှာလည်း ဝင်ရောက်ပါဝင်ဆွေးနွေးဖို့ တစ်ပါတည်းဖိတ်ခေါ်ရင်း လေးစားစွာ ပြန်လည်တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခုနက အောင်စာရင်းထုတ်ပြီဆိုတဲ့ အချိန်မှာတော့ အမှတ်တွေက ရှိပြီးသားပေါ့နော်။ ရှိပြီးသားဖြစ်တဲ့အတွက် ဒါကိုထုတ်ပြန်ပေးမယ်ဆိုရင်လည်း သိပ်ပြီးတော့ အခက်အခဲ မရှိဘူးလို့ ထင်ပါတယ်။ နောက်တစ်ခု ကတော့ On Line၊ လူတိုင်း Internet မသုံးနိုင်သော်လည်း နေပြည်တော်တို့၊ ရန်ကုန်တို့အထိမလာဘဲနဲ့ သူ့ရဲ့တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်မြို့တော်လောက်မှာတော့ ရပါတယ်။ အဲဒီလို သွားကြည့်ရင်လည်း ရအောင်ပေါ့နော်၊ System ပြောင်းလာတဲ့အခါမှာ ဒါလေးတွေ လုပ်ပေးသင့်တယ် လို့ထင်တယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ် က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ က ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးတင်ယု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပြန်လည်ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ -၉၂

ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၅ ရက်

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင် ဆွေးနွေးခဲ့ပြီး ၂၈-၈-၂၀၁၃ ရက်နေ့က ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေး တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ဤဥပဒေကြမ်းအပေါ်

ပြည်သူ့လွှတ်တော်က ၂၃-၁-၂၀၁၄ ရက်နေ့အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၁၉-၂-၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် က အကြံပြုဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် နှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတို့သည် ၂၁-၂-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည် -

(က) ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂ ၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ) တို့ကို ပိုမိုပြည့်စုံမှန်ကန် ရှင်းလင်းမှုရှိစေရေးအတွက် အမျိုးသားလွှတ်တော်၏ မူလပြင်ဆင်အတည်ပြုချက်များ အတိုင်းထားရှိသင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(ခ) အမျိုးသားလွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း ပုဒ်မ ၅၊ ပုဒ်မခွဲ(ဆ)ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပိုမိုပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ရာ အမျိုးသမီးကဏ္ဍတစ်ရပ်အနေဖြင့် တန်းတူပါဝင်လာစေရေး အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း သဘောတူ ညီခဲ့ကြပါသည်။

(ဂ) ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသို့ ၂၄-၁-၂၀၁၄ ရက်စွဲပါစာ အမှတ်၊ (၂/၆၀၁(၂၆)/ဥပဒေကြမ်း/မလက)ဖြင့် အကြံပြုစာပေးပို့လာပါသည်။ အကြံပြု စာတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)ကို ပြည်သူ့လွှတ်တော်က စာသားဖြည့်စွက်ခဲ့ပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင် အသီးသီး အတွက် ကုလသမဂ္ဂက ချမှတ်ထားသော ပါရီအခြေခံမူများအရ နစ်နာသူများကို ကူညီ ဆောင်ရွက်ခြင်းကဲ့သို့ လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းမရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက်များ လက်ခံ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အခန်း(၆)၊ ပုဒ်မ ၄၀၊ ပုဒ်မခွဲ(ဂ)တွင် လူ့အခွင့်အရေး

ဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေးဖောက်ဖျက်ခြင်းခံရသူ ရသင့်ရထိုက်သည့် နစ်နာကြေးရရှိနိုင်ရေး ဟုလည်း ဖော်ပြထားပြီးဖြစ်သဖြင့် နစ်နာသူများအတွက် ပိုမိုတိကျသော ဆောင်ရွက်မှုကို ကော်မရှင်၏ အစီရင်ခံစာတွင် ထည့်သွင်း၍ သက်ဆိုင်ရာသို့ အကြံပြုတိုက်တွန်းမှုသာ ဆောင်ရွက်နိုင်ပါကြောင်း အကြံပြု တင်ပြထားပါသည်။ ကော်မရှင်၏ အကြံပြုတင်ပြချက်များသည် နိုင်ငံတကာ ပါရီအခြေခံမူများအရ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် မူဘောင်အတွင်းမှသာ ဆောင်ရွက်နိုင်ခြင်းကို တင်ပြလာခြင်း၊ နစ်နာသူများအတွက် ကော်မရှင်၏ အစီရင်ခံစာတွင်သာ ထည့်သွင်း၍ သက်ဆိုင်ရာသို့ အကြံပြုတိုက်တွန်းနိုင်ခြင်းတို့ကြောင့် အဆိုပါပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ) ကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့်အတိုင်းသာ ဆက်လက်အတည်ပြုသင့်ပါကြောင်း ကော်မတီက သဘောထားရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်က မူလအတည်ပြုခဲ့သည့်အတိုင်းသာ ထားရှိသင့်သည့် အချက်(၁၃) ချက်တို့သည် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် အချက်များဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ခံယူသင့်ပါကြောင်း တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် -

အခန်း(၁)၊ အပိုဒ် ၂ (ခ) (ဂ) ၃ ၊ ၄ အခန်း(၃)၊ အခန်းခေါင်းစဉ် အပိုဒ် ၄ အပိုဒ် ၅ (စ) အပိုဒ် ၆ (ဃ) ၁ အပိုဒ် ၁၀ (ခ) အပိုဒ် ၁၂ (က) (ခ )အခန်း (၄) အပိုဒ် ၂၂ (က)(ခ) ၃(စ)(ဆ)(ဇ) အပိုဒ် ၂၄ (က)(ခ)အပိုဒ် ၂၅ အခန်း(၆) အပိုဒ် ၃၈ အပိုဒ် ၄၀ (က)(ခ) (ဃ) အပိုဒ် ၄၂ အပိုဒ် ၄၃ အခန်း(၇) အပိုဒ် ၄၆ အပိုဒ် ၅၂ အပိုဒ် ၅၈ တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်း တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်

အခန်း(၁)၊ အပိုဒ် ၂ (ဂ)(၂) (င)၊ အခန်း(၂)၊ အပိုဒ် ၃(ခ)(ဂ)(ဃ)၊ အပိုဒ် ၅ (ဆ)၊ အပိုဒ် ၇(ဂ)၊ အပိုဒ် ၁၈ (ဃ)၊ အပိုဒ် ၁၉ (ခ)၊ အပိုဒ် ၂၂ (ခ) (၁) (၂)(ဂ)(ဃ)တို့ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ မူလပြင်ဆင် အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း တင်ပြထားပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင် အတည်ပြုချက်အတိုင်း ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်အတည်ပြုချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထား ကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄ (က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထား ကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးတင်ယု က အမျိုးသား လွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကြမ်းကို ၂၀-၁-၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၃-၁-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အကြမ်းဖက်မှုတိုက်ဖျက် ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသောပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၅-၃-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြား ရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသား လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ကျင်းပမယ့် နေ့ရက်နဲ့ အချိန်ကို ကြိုတင် အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]